# ၃-သီဝလိတ္ထေရအပဒါန်

၅၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော တရားတို့ကို သိမြင်သော ပညာမျက်စိရှိတော်မူသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၅၅။ ထိုမြတ်စွာဘုရား၏ သီလတော်ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ချေ၊ ဝဇီရစိန်နှင့် တူသော သမာဓိတော်ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ချေ၊ ဉာဏ်တော်မြတ်ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ချေ၊ ဥပမာမရှိသော အရဟတ္တဖိုလ်ကိုလည်း ရေတွက်ခြင်းငှါ မစွမ်းနိုင်ချေ။

၅၆။ ရဟန်း ပုဏ္ဏားတို့ဖြင့် ရောပြွမ်းသော လူ နတ် နဂါးတို့၏ရင်း ဗြဟ္မာတို့၏ရင်း အစည်းအဝေး၌ မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူ၏။

၅၇။ ပရိသတ်တို့၌ ရဲရင့်တော်မူသော မြတ်စွာဘုရားသည် ဘုန်းကံ ကြီးမားလျက် များသောလာဘ်ရှိသော အရောင်အလင်းကိုဆောင်သော မိမိတပည့်ကို တေဒဂ်အရာ၌ ထားတော်မူ၏။

၅၈။ ထိုအခါ ငါသည် ဟံသမည်သောမြို့၌ မင်းမျိုးဖြစ်ခဲ့၏၊ တပည့်သာဝက၏ များစွာသောဂုဏ်ကို(ချီးကျူးတော်မူသော)မြတ်စွာဘုရား၏ ထိုစကားကို ကြားနာရသည်ရှိသော်—

၅၉။ တပည့်သာဝကနှင့်တကွသော မြတ်စွာဘုရားကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးလျက် အလှူကြီးကို လှူပြီးလျှင် ထိုအရာအထူးကို ဆုတောင်းခဲ့၏။

http://www.dhammadownload.com



၆၀။ ထိုအခါ ယောကျ်ားမြတ်ဖြစ်သော မြတ်စွာဘုရားသည် ခြေတော်တို့ကို ဦးခိုက်လျက်နေသော ငါ့ကိုမြင်၍ မြတ်သောအသံဖြင့် ဤစကားကို မိန့်တော်မူ၏—

၆၁။ ထိုအခါ မြတ်စွာဘုရား၏ စကားကို ကြားနာလိုကုန်သော များစွာသော လူတို့သည်ငှင်း နတ် ဒါနေဘဝီလူး ဂန္ဓဗ္ဗနတ်တို့သည်ငှင်း တန်ခိုးကြီးသော ဗြဟ္မာတို့သည်ငှင်း—

၆၂။ ရဟန်း ပုဏ္ဏားတို့သည်ငှင်း လက်အုပ်ချီလျက် ရှိခိုးကုန်လျက် ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏။

၆၃။ မြတ်စွာဘုရား အရှင်ဘုရားတို့အား မင်းသည် ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူခဲ့ပါ၏၊ ထိုအလှူကြီး၏ အကျိုးကို နာလိုပါကုန်၏၊ ဟောကြားတော်မူပါ အရှင်ဘုရား (ဟု လျှောက်ဆိုကုန်၏)။

၆၄။ ထိုအခါ မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ငါဆိုမည့်စကားကို နာကြားကုန်လော့—သံဃာနှင့်တကွသော မနှိုင်းယှဉ်အပ်သော မြတ်စွာဘုရား၌ အလှူကို ဖြစ်စေအပ်၏။

၆၅။ ထိုအလှူ၏ (အကျိုးကို) အဘယ်သူသည် ဟောပြောနိုင်အံ့နည်း၊ ထိုအလှူသည် မနှိုင်းယှဉ်နိုင်သော အကျိုးရှိ၏၊ စင်စစ်သော်ကား များစွာသော စည်းစိမ်ရှိသော ထိုမင်းသည် မြတ်သော အရာအထူးကို ဆုတောင်းပေ၏။

၆၆။ ပြန့်ပြောသော လာဘ်တို့ကို ရလေ့ရှိသော သုဒဿနရဟန်းကဲ့သို့ ထို့အတူ ငါသည်လည်း ဖြစ်ရပါလို၏ဟူသော ဤဆုကို အနာဂတ်ကာလ၌ ရလတ္တံ့။

၆၇။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၆၈။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်၍ အမည်အားဖြင့် သီဝလိဟု ထင်ရှားသော မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လတ္တံ့ (ဟု မိန့်တော်မူ၏)။

၆၉။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ငှင်း စေတနာတောင့်တမှုတို့ကြောင့်ငှင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၇၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ တင့်တယ်သပ္ပါယ်သဖြင့် ဖူးမျှော်ထိုက်သော အလုံးစုံသော တရားတို့ကို ရှုမြင်တတ်သော ဝိပဿီမြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၇၁။ ထိုအခါ ငါသည် ဗန္ဓုမတီမြို့တွင် တခုသောအမျိုး၌ သနားကြည့်ရှုတတ်၍ အမှုကိစ္စကို ကြောင့်ကြစိုက်တတ်သော သူဖြစ်ခဲ့၏။

၇၂။ ထိုအခါ အသင်းတသင်းသည် ဝိပဿီမြတ်စွာဘုရားအား ကြီးကျယ်ထင်ရှားသော လုပ်ကျွေးခြင်းကို ပြုလေ၏။

၇၃။ (အသင်းသားတို့သည်) အလှူကြီးပြီးစီးလတ်သော် ခဲဖွယ်နှင့်စပ်သော အလှူကို ပေးလှူကုန်၏၊ (ထိုအခါ) အသစ်သော နို့ဓမ်းကိုငှင်း ပျားရည်ကိုငှင်း ရှာဖွေသော်လည်း မမြင်မတွေ့ရကုန်။

http://www.dhammadownload.com



၇၄။ ထိုအခါ ငါသည် သစ်သောထိုနို့ဓမ်းကိုငင်း ထိုပျားရည်အသစ်ကိုငင်း ယူ၍ အလုပ်ရှင်၏အိမ်သို့ သွား၏၊ ထိုအရာဝတ္ထုကို ရှာဖွေသူတို့သည် ငါ့ကို တွေ့မြင်ကုန်၏။

၇၅။ (ထိုအသင်းသည်) အသပြာတထောင် ပေးသော်လည်း ထိုအရာဝတ္ထု(နို့ဓမ်း ပျားရည်)နှစ်ခုကို မရချေ၊ ထို့ကြောင့် ငါသည် ဤသို့ကြံစည်ခဲ့၏၊ ဤအလှူသည် ယုတ်ညံ့သော အလှူ မဖြစ်လတ္တံ့။

၇၆။ ဤလူအားလုံးတို့သည် မြတ်စွာဘုရားကို ကောင်းစွာပြုစုကုန်သကဲ့သို့ ငါသည်လည်း သံဃာနှင့်တကွ မြတ်စွာဘုရား၌ ပူဇော်သက္ကာရကို ပြုအံ့။

၇၇။ ထိုအခါ ငါသည် ဤသို့ကြံစည်ပြီးလျှင် နို့ဓမ်းကိုငင်း ပျားရည်ကိုငင်း တပေါင်းတည်းနယ်၍ သံဃာနှင့်တကွသော မြတ်စွာဘုရားအား လှူဒါန်းခဲ့၏။

၇၈။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ငင်း စေတနာတောင့်တမှုတို့ကြောင့်ငင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့၏။

၇၉။ ငါသည် ဗာရာဏသီမြို့၌ မျှားသော အခြံအရံအကျော်အစောရှိသောမင်း တဖန်ဖြစ်၍ ရန်သူအား အမျက်ထွက်၍ (ဝန်းရံလျက်) မြို့တံခါး ပိတ်ခြင်းကို ပြုခဲ့၏။

၈၀။ ထိုအခါ ရသေ့(ပစ္စေကဗုဒ္ဓါ)တို့သည် ဝန်းရံခံရကုန်လျက် တရက်မျှစောင့်ရှောက် အပ်ကုန်၏ (ဆင်းရဲခြင်းသို့ ရောက်ကုန်၏)၊ ထိုအခါ ထိုကံ၏အကျိုးကြောင့် ပြင်းထန်သော ငရဲသို့ ကျရောက်ခဲ့ရ၏။

၈၁။ ဤယခု နောက်ဆုံးဘဝ၌ ငါသည် ကောလိယမြို့၌ မွေးဖွားခဲ့၏၊ ငါ၏အမိကား သုပ္ပါဝါသာမည်၏၊ အဖကား မဟာလိလိစ္ဆဝီမည်၏။

၈၂။ ကုသိုလ်ကံကြောင့် မင်းမျိုး၌ ဖြစ်ခဲ့ရ၏၊ မြို့တံခါးကို ပိတ်ဆို့ခဲ့ခြင်း၏အစွမ်းကြောင့် ခုနစ်နှစ်တို့ပတ်လုံး အမိဝမ်း၌ ဆင်းရဲခြင်းသို့ရောက်လျက် နေခဲ့ရ၏။

၈၃။ ငါသည် (မွေးဖွားစဉ်)ဒွါရ၌ တွေဝေမိန်းမောလျက် ခုနစ်ရက်ပတ်လုံး ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်ခဲ့ရ၏၊ ငါ့အမိသည်(မြို့တံခါးပိတ်ရန်) အလိုဆန္ဒပေးခြင်းကြောင့် ဤသို့ အလွန်ဆင်းရဲသူ ဖြစ်ခဲ့ရ၏။

၈၄။ မြတ်စွာဘုရားသည် သနားစောင့်ရှောက်သည်ဖြစ်၍ ငါသည် အမိဝမ်းတိုက်မှ မွေးဖွားပြီးလျှင် မွေးဖွားသောနေ့၌ပင်လျှင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၈၅။ အသျှင်သာရိပုတြာသည် ငါ၏ဥပဇ္ဈာယ်ဆရာပေတည်း၊ တန်ခိုးကြီးမားသော မြတ်သောပညာရှိသော အသျှင်မောဂ္ဂလ္လာန်သည် ဆံပင်တို့ကို ချလျက် ငါ့အား ဆုံးမတော်မူ၏။

၈၆။ ဆံပင်တို့ကို ရိတ်ဖြတ်ကုန်စဉ် ငါသည် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏၊နတ်တို့သည်ငင်း နဂါးတို့သည်ငင်း လူတို့သည်ငင်း ငါ၏(အထံသို့) ပစ္စည်းတို့ကို ပို့ဆောင်ကုန်၏။

၈၇။ ငါသည် အထူးအားဖြင့် ပဒုမုတ္တရမြတ်စွာဘုရားကိုငင်း ဝိပဿီမြတ်စွာဘုရားကိုငင်း ပစ္စည်းတို့ဖြင့် ဝမ်းမြောက်လျက် ပူဇော်ခဲ့၏။

http://www.dhammadownload.com



၈၈။ ထို့ကြောင့် ထိုကံတို့၏ အကျိုးအထူးအားဖြင့် တောဌ်ရင်း ရွာဌ်ရင်း ရေဌ်ရင်း ကုန်းဌ်ရင်း အလုံးစုံသော အရပ်တို့၌ များမြတ်သော လာဘ်ကို ရ၏။

၈၉။ အကြင်အခါ လောက၏အကြီးအမှူးဖြစ်သော မြတ်စွာဘုရားသည် အသျှင်ရေဝတကို တွေ့မြင်ရန် ရဟန်းသုံးသောင်းတို့နှင့် တကွ ကြွသွားတော်မူ၏။

၉၀။ ထိုအခါ ငါ၏အကျိုးငှါ နတ်တို့သည် ပို့ဆောင်အပ်သော ပစ္စည်းတို့ဖြင့် သံဃာနှင့် တကွ မြတ်သော ပညာရှိသော ကြီးသောလုံ့လရှိသော မြတ်စွာဘုရားကို—

၉၁။ ငါသည် လုပ်ကျွေးအပ်၏။မြတ်စွာဘုရားသည် အသျှင်ရေဝတထံသို့ ကြွသွား၍ရှုကြည့်တော်မူ၏၊ ထို့နောက် ဇေတဝန်ကျောင်းသို့ ကြွသွား၍ ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၉၂။ ရဟန်းတို့ ငါ၏တပည့်တို့၌ သီဝလိသည် လာဘ်ပေါများသူတို့တွင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ပေ၏ ဟု အလုံးစုံသော လောက၏ အစီးအပွါးကို ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည် ပရိသတ်တို့၌ ငါ့ကို ချီးကျူးတော်မူ၏။

၉၃။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝမရှိပဲ နေရ၏ ။

၉၄။ ငါ၏ လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၉၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သီဝလိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် သီဝလိတ္ထေရအပဒါန် ပြီး၏။

---

## ၄-ဝင်္ဂီသတ္ထေရအပဒါန်

၉၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသောတရားတို့ကို သိမြင်တော်မူသော ပညာမျက်စိ ရှိတော်မူသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၉၇။ သမုဒ္ဒရာ၌ လှိုင်းတံပိုးကဲ့သို့ရင်း ကောင်းကင်၌ ကြယ်တာရာတို့ကဲ့သို့ရင်း ဤအတူ ထိုမြတ်စွာဘုရား၏ သာသနာတော်သည် ရဟန္တာတို့ဖြင့် ဆန်းကြယ်လျက် ရှိပေ၏။

၉၈။ ဘုရားမြတ်သည် ရဟန်းပုဏ္ဏားတို့ဖြင့် ရောပြွမ်းသော လူတို့၏အလယ်၌ နတ်အသုရာ နဂါးနှင့်တကွကုန်သောလူတို့ဖြင့် ခြံရံလျက် ရှိပေ၏။

၉၉။ လောက၏ အဆုံးသို့ ရောက်တော်မူသော ထိုမြတ်စွာဘုရားသည် ရောင်ခြည်တော်တို့ဖြင့် လောက၌ တပ်စွန်းစေလျက် ဝေနေယျသတ္တဝါ ကြာပဒုမာတို့ကို စကားတော်ဖြင့် ပွင့်စေတော်မူ၏။

၁၀၀။ ယောကျ်ားမြတ်ဖြစ်လျက် ရဲရင့်တော်မူသော မြတ်စွာဘုရားသည် လေးပါးသော ဝေသာရဇ္ဇဉာဏ်တို့နှင့် ပြည့်စုံတော်မူ၏၊ကြောက်ခြင်း ရွံ့ရှာခြင်းကို ပယ်ရှားတော်မူ၏၊ ဘေးမဲ့ရာ နိဗ္ဗာန်သို့ ရောက်တော်မူ၏။